တရားမဆိုင်ရာ (စီရင်ချက်ပုံစံ) ၁၃၁။

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၉ ခုနှစ်၊ တရားမပြင်ဆင်မှု အမှတ် ၁၈၃

၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၂၉ တွင် ချမှတ်သော ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်အပေါ် ပြင်ဆင်မှု

| လျှောက်ထားသူ | | လျှောက်ထားခံရသူ |
|---|---|---|
| ဦးကိုကိုထွေး (ဥက္ကဋ္ဌ) တော်ဝင်မိသားစုဆောက်လုပ်ရေးကုမ္ပဏီလီမိတက် | နှင့် | ၁။ အင်နိုနိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ လီမိတက်(ၚင်းကိုယ်စား Mr. Kim Yong San)<br>၂။ ရှင်ဒုံအ(အထွေထွေဆောက်လုပ်ရေးကုမ္ပဏီ လီမိတက်(ၚင်းကိုယ်စား Mr. Choi Byung Joon) |

လျှောက်ထားသူအတွက် - ဒေါ်ခင်စောဦး၊ တရားလွှတ်တော်ရှေ့နေ

လျှောက်ထားခံရသူ(၁)အတွက် - ဦးနေဦး၊ တရားလွှတ်တော်ရှေ့နေ

လျှောက်ထားခံရသူ(၂)အတွက် - ဦးလှရွှေ၊ တရားလွှတ်တော်ရှေ့နေ

### စီရင်ချက်

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၂၉ တွင် တော်ဝင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ဥက္ကဋ္ဌဦးကိုကိုထွေးက အင်နိုနိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက် (ၚင်းကိုယ်စား Mr. Kim Yong San) နှင့် ရှင်ဒုံအ အထွေထွေဆောက်လုပ်ရေးကုမ္ပဏီ(ၚင်းကိုယ်စား Mr. Choi Byung Joon)တို့အပေါ် "ပဋိညာဉ်ပြင်ဆင်ပြီးဆောင်ရွက်စေလိုမှုနှင့် တော်ဝင်မိသားစုဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ လက်ရှိထားဆောင်ရွက်နေသော လုပ်ငန်းသို့ ဝင်ရောက်ဆောင်ရွက်ခြင်းနှင့် ဆောင်ရွက်စေခြင်းကို တားမြစ်ပေးစေလိုမှု" စွဲဆိုသည်။ အမှုမှ (၁)တရားပြိုင်က အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေပုဒ်မ ၁၀(က) အရ တရားလို၏တရားစွဲဆိုမှုကို အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူစေရေးအတွက် လွှဲပြောင်းပေးရန်လျှောက်ထားခဲ့ရာတွင် နှစ်ဖက်ကြားနာပြီး လျှောက်ထားမှုကိုခွင့်ပြုကြောင်းအမိန့်ချမှတ်ကာအမှုကိုဆိုင်းငံ့သဖြင့် တရားလိုက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤတရားမပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

လျှောက်ထားသူ၏တရားလွှတ်တော်ရှေ့နေက  အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေပုဒ်မ ၃(ခ) တွင် "အနုညာတသဘောတူညီချက်ဆိုသည်မှာ ပဋိညာဉ်အရဖြစ်စေ၊ ပဋိညာဉ်အရမဟုတ်သည်ဖြစ်စေ၊ ဥပဒေနှင့်ညီညွတ်သောဆက်စပ်မှုများနှင့်စပ်လျဉ်း၍ ပေါ်ပေါက်သော သို့မဟုတ် ပေါ်ပေါက်လာနိုင်သော အငြင်းပွားမှုအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူရန် အငြင်းပွားသူများက စာဖြင့်ရေးသားထားသော သဘောတူညီချက်ကိုဆိုသည်" ဟုပြဋ္ဌာန်းထားကြောင်း၊ (၁)တရားပြိုင်အင်နိုကုမ္ပဏီနှင့်  တော်ဝင်ကုမ္ပဏီတို့ချုပ်ဆိုထားသော ၇-၂-၂၀၁၈ ရက်စွဲပါ လုပ်ငန်းလုပ်ကိုင်ရန် သဘောတူညီမှုကတိစာချုပ် အပိုဒ် (၁၉.၁) တွင် "လုပ်ငန်းအပ်နှံသူ/မိန်းကန်ထရိုက်တာ နှင့် လုပ်ငန်းလက်ခံသူအကြား စာချုပ်နှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ စာချုပ်ပါအလုပ်နှင့်စပ်လျဉ်း၍သော်လည်းကောင်း စာချုပ်ပါလုပ်ငန်းများဖော်ဆောင်ခြင်း၊ ဆောင်ရွက်နေဆဲအချိန်၊ ဆောင်ရွက်ပြီးစီးသည့်အချိန်၊ စာချုပ်ပျက်ပြီး သို့မဟုတ် မပျက်ပြယ်ခင် သို့မဟုတ် အခြားသောစာချုပ်ပျက်ပြယ်သည့်အချိန်တို့တွင် မည်သည့်အငြင်းပွားမှုတစ်စုံတစ်ရာဖြစ်ပေါ်လာသည်ဖြစ်စေ လုပ်ငန်းအပ်နှံသူ / မိန်းကန်ထရိုက်တာ သို့မဟုတ် လုပ်ငန်းလက်ခံသူမှ ၎င်းအငြင်းပွားမှုကို တတိယကြားခံအဖွဲ့သို့ အကြောင်းကြားအစီရင်ခံရမည်" ဟုဖော်ပြထားကြောင်း၊ အဖွဲ့များသည် ခုံသမာဓိတရားစီရင်ရေးသို့မရောက်ခင် နောက်ထပ် ၅၆ ရက်အတွင်း ၎င်းအငြင်းပွားမှုကို ငြိမ်းအေးစွာဖြေရှင်းဆောင်ရွက်ရန်နှင့် ၅၆ ရက်အတွင်း တစ်စုံတစ်ရာ ဖြေရင်းနိုင်ခြင်းမရှိပါက  နိဂုံးချုပ်အနေဖြင့်  ခုံသမာဓိတရားစီရင်ရေးသို့  အကြောင်းကြားစာပေးပို့၍ သီးသန့်ခုံသမာဓိတရားစီရင်ခြင်းဖြင့်  ဖြေရှင်းရမည်ဟုလည်း  ဖော်ပြထားကြောင်း၊  ဖော်ပြပါအတိုင်း တတိယကြားခံအဖွဲ့ဖြင့်  ဖြေရှင်းဆောင်ရွက်ပေးခြင်းကိုပြုလုပ်ရမည်ဖြစ်သော်လည်း  တရားပြိုင်က အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေပုဒ်မ ၁၀(က) ကိုရည်ညွှန်း၍ အနုညာတခုံရုံးဖြင့် စီရင်ဆုံးဖြတ်ခံယူရန်လျှောက်ထားခဲ့ခြင်းဖြစ်ကြောင်း၊  စာချုပ်ပါလုပ်ငန်းများပြီးစီးသည့်အခါတွင်  ခုံသမာဓိတရားစီရင်ရေးကိုဆောင်ရွက်ရမည်ဟု  ဖော်ပြချုပ်ဆိုထားရာ ယင်းအချက်နှင့်ညီညွတ်ခြင်းမရှိဘဲ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေဖြင့်  ဆက်လက်ဆောင်ရွက်ရန်အမိန့်ချမှတ်ခြင်းမှာ  မှားယွင်းနေကြောင်း၊ ယခုအမှုသည်အငြင်းပွားမှုမဟုတ်ဘဲ စာချုပ်ပြင်ဆင်ပေးရန် ပဋိညာဉ်ဥပဒေအရလျှောက်ထားခြင်းဖြစ်ရာ အငြင်းပွားမှုအဖြစ်သတ်မှတ်၍ အနုညာတခုံရုံးဖြင့် ဆုံးဖြတ်စေခြင်းမှာမှားယွင်းနေကြောင်း၊ မြန်မာနိုင်ငံအနုညာတခုံရုံးဖြင့်စီရင်ဆုံးဖြတ်ရန်လည်း တရားလိုကသဘောတူခြင်းမရှိကြောင်း၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေပုဒ်မ ၁၃(ဃ)တွင် တစ်ဖက်အငြင်းပွားသူထံမှ ခုံသမာဓိခန့်ထားရန် တောင်းဆိုချက်လက်ခံရရှိသည်မှ ရက်ပေါင်း ၃၀ အတွင်းခုံသမာဓိတစ်ဦးခန့်ထားနိုင်ခြင်းမရှိလျှင်ဟုပြဋ္ဌာန်းချက်အရ စတင်လျှောက်ထားသည့်တရားပြိုင်ဘက်မှ  ခုံသမာဓိလူကြီးရွေးချယ်ရန်ဖြစ်သော်လည်း  ဆောင်ရွက်ခြင်းမရှိကြောင်း၊ တရားလိုပိုင်ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအပေါ် တရားပြိုင်များသည် ပျက်အောင်ဖျက်ဆီးခြင်း၊ မတရားသိမ်းဆည်းခြင်း၊ အသွင်ပြောင်းလဲခြင်း၊ လုပ်ငန်းခွင်ပြင်ပသို့ ထုတ်ယူရောင်းချခြင်းများဥပဒေမဲ့လုပ်ဆောင်သဖြင့် ယာယီတားဝရမ်းထုတ်ဆင့်ရန် ဆောင်ရွက်ခဲ့သော်လည်း ဆောင်ရွက်၍မရသေးကြောင်း၊ အနုညာတဆုံးဖြတ်ခြင်းဥပဒေပုဒ်မ ၁၁(က)(၈) တွင် ယာယီတားဝရမ်းထုတ်ဆင့်သည့်ကိစ္စကို တရားရုံးမှ ဆုံးဖြတ်အမိန့်ချပိုင်ခွင့်ရှိကြောင်း အခွင့်အာဏာပေးထားပါလျက် လစ်လျူရှုခဲ့ခြင်းမှာ အဆိုပါ ပုဒ်မ ၁၁(က)(၈) နှင့်အညီဆောင်ရွက်ရန်ပျက်ကွက်ခြင်းဖြစ်ကြောင်း၊ အနုညာတစီရင်ဆုံးဖြတ်မှုခံယူရန် အမိန့်ချမှတ်ခြင်းသည် အထက်ပါဥပဒေပုဒ်မ ၁၀(က) နှင့် ဆန့်ကျင်ဆုံးဖြတ်ခြင်းဖြစ်သဖြင့်ပြင်ဆင်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူ(၁)၏တရားလွှတ်တော်ရှေ့နေက အဆိုလွှာအရ ၇-၂-၂၀၁၈ ရက်စွဲပါမူလစာချုပ်သည်  တစ်ဆင့်ခံပဋိညာဉ်ဖြစ်သည်ဟုပေါ်ပေါက်ပြီး  အငြင်းပွားမှုဖြေရှင်းခြင်း၏အပိုဒ် ၁၉.၁ တွင်  မည်သည့်အငြင်းပွားမှုကိုမဆို  အနုညာတစီရင်ဆုံးဖြတ်ခြင်းသာလျှင်  နောက်ဆုံးနှင့်ပြန်လည်ရုပ်သိမ်းခွင့်မရှိလွှမ်းခြုံစေရမည်ဖြစ်ပြီး  အဆိုပါအနုညာတစီရင်ဆုံးဖြတ်ကို  စာချုပ်ဝင်များမှ

အတိအလင်းနှင့်ခြွင်းချက်မရှိ လိုက်နာဆောင်ရွက်ရမည်ဟုပါရှိကြောင်း၊ အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေအပိုဒ် ၃(၃)တွင် အငြင်းပွားသူဆိုသည်မှာ အနုညာတသဘောတူညီချက်တွင်ပါဝင်ချုပ်ဆိုထားသည့် စာချုပ်ဝင်ကိုဆိုလိုသည်ဟုပြဋ္ဌာန်းထားကြောင်း၊ အမှုတွင် အငြင်းပွားသူများသည် ICC အနုညာတစီရင်ဆုံးဖြတ်ခြင်းကိုခံယူမည်ဟုသဘောတူထားသည်ဖြစ်၍ အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူစေရေးအတွက် လွှဲအပ်သည့်မူလရုံးအမိန့်သည်မှားယွင်းခြင်းမရှိကြောင်း၊ အငြင်းပွားမှုကို တတိယကြားခံအဖွဲ့သို့အကြောင်းကြားပြီး ၅၆ ရက်အတွင်း ငြိမ်းချမ်းစွာဖြေရှင်းရမည်ဖြစ်ပြီး ၎င်းနှင့်စပ်လျဉ်း၍ကြေညာချက်ထုတ်ရမည်ဆိုခြင်းသည် မြန်မာနိုင်ငံအနုညာတခုံရုံးတွင် ဆုံးဖြတ်ရန်သဘောတူညီချက်မဟုတ်ကြောင်း၊ သို့ဖြစ်၍ မူလရုံးစာမျက်နှာ (၃) (၄) ဆုံးဖြတ်ချက်များမှားယွင်းသည်ဟုတင်ပြခြင်းသည် တစ်ဆင့်ခံပဋိညာဉ်စာချုပ်အပိုဒ် ၁၉.၁ နှင့် အတိအလင်းဆန့်ကျင့်ကွဲလွဲနေကြောင်း၊ အနုညာတစီရင်ရေးသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးအတွက်သာဖြစ်သည်ဟုတင်ပြထားကြောင်း၊ တရားလိုနှင့် တရားပြိုင်တို့သည် စီးပွားရေးလုပ်ငန်းအတွက် ထည့်သွင်းချုပ်ဆိုခြင်းဖြစ်ကြောင်းမှာ အငြင်းမပွားပေရာ ယင်းပဋိညာဉ်စာချုပ်အား အခြေပြုစွဲဆိုခြင်းသည် အငြင်းပွားမှုအတွက်စွဲဆိုခြင်းဖြစ်သဖြင့် အနုညာတခုံရုံးဖြင့်စီရင်ဆုံးဖြတ်ခြင်းဖြင့်သာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပဋိညာဉ်အပေါ် ပြင်ဆင်ဆောင်ရွက်စေရန်အငြင်းပွား၍ တရားမမှုဖြင့်စွဲဆိုဆောင်ရွက်သည်မှာ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေနှင့် တစ်သီးတစ်ခြားဆန့်ကျင်နေပြီး တရားမမှုစွဲဆိုခွင့်မရှိသဖြင့် ပြင်ဆင်မှုကိုပလပ်သင့်ကြောင်း၊ ICC လုပ်ထုံးလုပ်နည်းနှင့်အညီ ခုံသမာဓိ ၁ ဦး သို့မဟုတ် ၃ ဦးခန့်အပ်ဆောင်ရွက်နိုင်ကြောင်းချုပ်ဆိုမှုသည် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေပုဒ်မ ၃(ဂ) နှင့် အကြုံးဝင်သည့်အတွက် ယင်းဥပဒေပုဒ်မ ၃(ဠ)(ဌ)(ဍ) တို့၏ နိုင်ငံခြားအနုညာတစီရင်ဆုံးဖြတ်ချက်နှင့် ဆုံးဖြတ်သည့်နေရာတို့၏ပြဋ္ဌာန်းချက်အပေါ် သုံးသပ်ချမှတ်သည့် မူလရုံးအမိန့်သည် ဥပဒေအရမှားယွင်းခြင်းမရှိကြောင်း၊ စာချုပ်ပါလုပ်ငန်းများဆောင်ရွက်စဉ်အတွင်း မည်သည့်အငြင်းပွားမှု၊ သဘောမတူညီမှု၊ ကွဲလွဲမှုတစ်စုံတစ်ရာ စတင်ဖြစ်ပေါ်သည့်နေ့မှစ၍ အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူပြီးသည်အထိ တရားလိုသည် ၎င်း၏တာဝန်ဝတ္တရားများကို သဘောရိုးဖြင့် ဖြည့်ဆည်းဆောင်ရွက်ရန်ဖြစ်ပြီး ပဋိညာဉ်စာချုပ်၏အနုညာတသဘောတူညီချက်ကို ပြင်ဆင်လိုသည့်အငြင်းပွားမှု၊ အခြားသူများလုပ်ငန်းခွင်အတွင်းဝင်ရောက်စေမှုကိုတားမြစ်စေမှုတို့ကို ပဋိညာဉ်အားသုံးသပ်၍ဆုံးဖြတ်ခဲ့ခြင်းသည် ဥပဒေနှင့်ဆန့်ကျင်ခြင်းမရှိကြောင်း၊ အနုညာတစီရင်ဆုံးဖြတ်ရန်အတွက် တရားရုံးကစတင်အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ခုံသမာဓိခန့်အပ်ပေးရမည်ဟုလည်း ပြဋ္ဌာန်းထားခြင်းမရှိကြောင်း၊ တရားမမှုအားဆိုင်းငံ့လိုက်ခြင်းသည် ယင်းဥပဒေပုဒ်မ ၁၀(ဃ) အရ တရားရုံးကဆိုင်းငံ့ခြင်းဖြစ်ပြီး အမိန့်ချပြီးနောက်ပိုင်း တရားလိုအားအငြင်းပွားမှုကို ၅၆ ရက်အတွင်း ငြိမ်းချမ်းစွာဖြေရှင်းရန်နှင့် မဆောင်ရွက်ပါက အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူမည့်အကြောင်းအကြောင်းကြားခဲ့သော်လည်း ပြန်ကြားခဲ့ခြင်းမရှိကြောင်း၊ တရားလိုသည် ၂၅-၃-၂၀၁၉ ရက်နေ့ အနုညာတစီရင်ဆုံးဖြတ်မှုခံယူရန်လွှဲအပ်ခြင်းအပေါ် ယင်းဥပဒေပုဒ်မ ၆(က)အရ ကန့်ကွက်ခဲ့ခြင်းမရှိ၍ အနုညာတစီရင်ဆုံးဖြတ်ခြင်းဆက်လက်ဆောင်ရွက်ရန် ကန့်ကွက်ပိုင်ခွင့်ကို စွန့်လွှတ်ခဲ့ပြီးဖြစ်ကြောင်း၊ တရားလိုက ယာယီတားဝရမ်းလျှောက်ထားခြင်းကို ၂၅-၃-၂၀၁၉ ရက်နေ့တွင်တင်ပြခဲ့ပြီး အနုညာတစီရင်ဆုံးဖြတ်ရန်အတွက် ၂၄-၁-၂၀၁၉ ရက်နေ့တွင်လွှဲအပ်မည်ဖြစ်ကြောင်း အမိန့်ချမှတ်ထားပြီးဖြစ်သည့်အပြင် အမှုကိုဆိုင်းငံ့ထားပြီးဖြစ်သဖြင့် ယာယီတားဝရမ်းထုတ်ဆင့်ခြင်းကိုဆောင်ရွက်ခြင်းမရှိဘဲ လစ်လျူရှုသည်ဟုမဆိုနိုင်ကြောင်း၊ မြန်မာနိုင်ငံတွင် လက်တွေ့ဆောင်ရွက်ခြင်းမပြုသေးသည့် အနုညာတခုံရုံးတွင်စီရင်ဆုံးဖြတ်ခြင်းထက် လက်တွေ့စီရင်ဆောင်ရွက်နေသောတရားရုံးတွင်သာ တရားဥပဒေနှင့်အညီဆောင်ရွက်သင့်ကြောင်းတင်ပြချက်မှာလည်း အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေပုဒ်မ ၃၂(ခ) ပါပြဋ္ဌာန်းချက်ကို တရားမမျှတမှုမရှိသည့်သဘောသက်ရောက်စေကြောင်း၊ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ အရ နည်းလမ်းမကျသောအကြောင်းပြချက်များနှင့်အမိန့်ချမှတ်ထားခြင်းမဟုတ်၍ ပြင်ဆင်မှုကို

ခွင့်ပြုရန်မသင့်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်သည် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေပုဒ်မနှင့်အညီ အနုညာတသဘောတူညီချက်ပါဝင်သော ပဋိညာဉ်အပေါ်အခြေခံ၍ ဆုံးဖြတ်ခြင်းဖြစ်သဖြင့် ဥပဒေအရမှားယွင်းခြင်းမရှိသဖြင့် ပြင်ဆင်မှုကို ပလပ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူ(၂)၏တရားလွှတ်တော်ရှေ့နေက တရားလိုနှင့် (၁)တရားပြိုင်တို့သည် ၇-၂-၂၀၁၈ ရက်စွဲပါစာချုပ် တစ်နည်းအားဖြင့် ပဋိညာဉ်ပြုခဲ့ကြောင်းမှာအငြင်းမပွားကြောင်း၊ စာချုပ်အပိုဒ် ၁၉.၁ တွင် ပေါ်ပေါက်လာသည့်အငြင်းပွားမှုများကို အနုညာတစီရင်ဆုံးဖြတ်ခြင်းဖြင့် ဆောင်ရွက်ရန်ပါရှိသဖြင့် အနုညာတစီရင်ဆုံးဖြတ်ခြင်းကိုဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယင်းအပိုဒ်တွင်လည်း တတိယကြားခံအဖွဲ့ဟူသည့်သဘောတူညီချက်ပါဝင်ခြင်းမရှိကြောင်း၊ Other Party ဟုသာပါရှိပြီး အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေပုဒ်မ ၃(၃)ပါ အငြင်းပွားသူ(တစ်ဖက်စာချုပ်ဝင်)ကိုဆိုလိုခြင်းဖြစ်ကြောင်း၊ အနုညာတစီရင်ဆုံးဖြတ်မခံယူမီ ငြိမ်းချမ်းစွာဖြေရှင်းရန်အတွက် အကြောင်းကြားစာပေးရန်ဖြစ်ပြီး ၅၆ ရက်အတွင်းမဖြေရှင်းနိုင်မှသာ အနုညာတခုံရုံးဖြင့်စီရင်ဆုံးဖြတ်ခံယူရန်ဖြစ်ကြောင်း၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ အခန်း ၂၊ ပုဒ်မ ၄ တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအငြင်းပွားမှုများကိုသာ အနုညာတစီရင်ဆုံးဖြတ်ခြင်းဖြင့် ဖြေရှင်းဆောင်ရွက်ရန်ကန့်သတ်ထားခြင်းမရှိကြောင်း၊ ပဋိညာဉ်ကိုပြင်ဆင်လိုခြင်းသည် အငြင်းပွားမှုတစ်ရပ်ဖြစ်ပြီး တရားပြိုင်များအားလုပ်ငန်းခွင်သို့ဝင်ရောက်ခြင်းမှ တားမြစ်လိုခြင်းသည်လည်း အငြင်းပွားမှုဖြစ်ရာ ပဋိညာဉ်စာချုပ်နှင့်သက်ဆိုင်သောလုပ်ငန်းကိစ္စဆောင်ရွက်ရန်အချက်တွင် အကြုံးဝင်သက်ဆိုင်ကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းတွင် အကြုံးမဝင်ဟုတင်ပြချက်မှာ မှန်ကန်ခြင်းမရှိကြောင်း၊ နောက်ဆက်တွဲ APPENDIX TO CONDITIONS တွင် အနုညာတစီရင်ဆုံးဖြတ်သည့်နေရာကို International Chamber of Commerce ဟုသဘောတူသတ်မှတ်၍ လက်မှတ်ရေးထိုးအတည်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေပုဒ်မ ၇ တွင် ဤဥပဒေအရဆောင်ရွက်ရမည့်အကြောင်းကိစ္စများကို ဤဥပဒေအရပြဋ္ဌာန်းထားသည့်အတိုင်းမှတစ်ပါး မည်သည့်တရားရုံးကမျှ ကြားဝင်ဆောင်ရွက်ခြင်းမရှိစေရဟုပြဋ္ဌာန်းထားကြောင်း၊ ပုဒ်မ ၁၀(က)အရ အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူစေရန်အတွက် တရားရုံးကအမှုလွှဲအပ်နိုင်ကြောင်းပြဋ္ဌာန်းထားသဖြင့် အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူရန်လျှောက်ထားခွင့်မရှိဟုတင်ပြချက်မှာမမှန်ကန်ကြောင်း၊ တရားရုံးကပါဝင်ဆောင်ရွက်နိုင်ခြင်းမှာလည်း အနုညာတခုံရုံး၌ဆောင်ရွက်စဉ် ကြားဖြတ်အဆောတလျင်ကိစ္စပေါ်ပေါက်လာပါက တရားရုံး၌ဆောင်ရွက်ရန် ပုဒ်မ ၁၁ က ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် အနုညာတစီရင်ဆုံးဖြတ်သည့်အမှုရှိမှသာ ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က ပဋိညာဉ်စာချုပ်အရ သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းသည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ ပါပြဋ္ဌာန်းချက်ကိုဆန့်ကျင်ဆုံးဖြတ်ရာ မရောက်သဖြင့်ပြင်ဆင်မှုအာဏာကိုကျင့်သုံးရန်အကြောင်းမရှိကြောင်း၊ သို့ဖြစ်၍ ပြင်ဆင်မှုကို ပလပ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

အမှုတွင် တော်ဝင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ဥက္ကဋ္ဌဦးကိုကိုထွေးက အင်နိုနိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်(၎င်းကိုယ်စား Mr. Kim Yong San)နှင့် ရှင်ဒုံအ အထွေထွေဆောက်လုပ်ရေးကုမ္ပဏီ(၎င်းကိုယ်စား Mr. Choi Byung Joon)တို့အပေါ် "ပဋိညာဉ်ပြင်ဆင်ပြီးဆောင်ရွက်စေလိုမှုနှင့် တော်ဝင်မိသားစုဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ လက်ရှိထားဆောင်ရွက်နေသောလုပ်ငန်းသို့ ဝင်ရောက်ဆောင်ရွက်ခြင်းနှင့် ဆောင်ရွက်စေခြင်းကို တားမြစ်ပေးစေလိုမှု" စွဲဆိုခြင်းဖြစ်သည်။ အဆိုပါပဋိညာဉ်သည် ၎င်းတို့အကြား ၇-၂-၂၀၁၈ ရက်စွဲပါ YANGON INNO CITY DEVELOPMENT PROJECT ဆောက်လုပ်ရေးလုပ်ငန်းအတွက်ချုပ်ဆိုထားသည့်ပဋိညာဉ်ဖြစ်ပြီး

INNO INTERNATIONAL DEVELOPMENT CO.,LTD က EMPLOYER အဖြစ်လည်းကောင်း၊ TAW WIN FAMILY CO., LTD က SUB CONTRACTOR အဖြစ်လည်းကောင်း နှစ်ဖက်ချုပ်ဆိုထားသည့်ပဋိညာဉ်ဖြစ်သည်။

တရားလို၏အဆိုလွှာအရ ပဋိညာဉ်စာချုပ်၏အပိုဒ် (၃.၂) တွင် သက်ရောက်မည့်ဥပဒေမှာ "စာချုပ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ဥပဒေအောက်တွင်ရှိမည်" ဟုဖော်ပြပြီး အပိုဒ် (၁၉.၁)တွင် "အငြင်းပွားမှုကို နိုင်ငံတကာစီးပွားရေးအဖွဲ့ချုပ် (ICC) မှ ချမှတ်ထားသော ခုံသမာဓိတရားစီရင်ရေးဖြင့်ဆုံးဖြတ်ပေးရမည်" ဟုဖော်ပြထားသဖြင့် ဝိရောဓိဖြစ်နေ၍ ပဋိညာဉ်ကိုပြင်ဆင်ရန်လိုအပ်ကြောင်းဖော်ပြထားသည်။

ယင်းသို့ နှစ်ဖက်စာချုပ်ချုပ်ဆိုရာတွင် လိုအပ်ချက်များကိုနောက်ပိုင်းညှိနှိုင်းပြင်ဆင်ဆောင်ရွက်နိုင်ကြောင်းသဘောတူသည့်အတွက် လုပ်ငန်းမစမီ အထူးသဘောတူညီချက် (၁) နှင့် (၂) ကိုလည်းကောင်း၊ လုပ်ငန်းစတင်ပြီးနောက် အထူးသဘောတူညီချက် (၃) နှင့် (၄) ကိုလည်းကောင်း အကြိမ်ကြိမ်ညှိနှိုင်းချုပ်ဆိုခဲ့ကြောင်းလည်း အဆိုလွှာအပိုဒ် ၈ နှင့် ၉ တွင် ဖော်ပြထားသည်ကိုတွေ့ရသည်။

ထို့အပြင် (၁) တရားပြိုင်သည် အထူးသဘောတူညီချက်များကြောင့်ပျက်ပြယ်သွားပြီဖြစ်သော မူလစည်းကမ်းချက်များနှင့် ၎င်းတို့ဆောင်ရွက်စေလိုသည့် စည်းကမ်းချက်များအတိုင်း ဆောက်လုပ်ရေးလုပ်ငန်းကို တရားလိုအားဆောင်ရွက်စေရန် စာချုပ်နှစ်ရပ်ကို တစ်ဖက်စောင်းနင်း အသစ်ချုပ်ဆိုရန် အဆိုပြုလာသည်ဟုလည်း ဖော်ပြသည်။

တရားလို၏အဆိုပြုချက်အရ တရားလိုနှင့် တရားပြိုင်တို့သည် ဆောက်လုပ်ရေးလုပ်ငန်းအတွက် ပဋိညာဉ်ပြုခဲ့သော်လည်း လိုအပ်ချက်များကို အထူးသဘောတူညီချက်များဖြင့် ဆက်လက်ချုပ်ဆိုခဲ့ခြင်း၊ တရားလိုကပဋိညာဉ်ကိုပြင်ဆင်လိုသော်လည်း (၁)တရားပြိုင်ဘက်က စာချုပ်နှစ်ရပ်ကို တစ်ဖက်စောင်းနင်းချုပ်ဆိုရန်ပြုခဲ့ကြောင်းဖြင့် ပဋိညာဉ်ပြင်ဆင်လိုမှုကိုညှိနှိုင်းမရခဲ့သည့်သဘော ဖြစ်သည်။ သို့ရာတွင် ၇-၂-၂၀၁၈ ရက်စွဲပါ YANGON INNO CITY DEVELOPMENT PROJECT ပဋိညာဉ်သည် ပျက်ပြယ်သွားကြောင်း ပေါ်ပေါက်ခြင်းမရှိပေ။ တရားလိုက ပဋိညာဉ်စာချုပ်အရ လုပ်ငန်းစတင်လုပ်ကိုင်နေပြီဖြစ်၍ ပဋိညာဉ်ကိုလိုက်နာရန်တာဝန်ရှိသည်ဟုဆိုရမည်။ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၃၇ အရ ပဋိညာဉ်ဝင်သူတို့သည် အသီးသီး ပြုသောကတိအတိုင်းဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ပုဒ်မ ၄၀ အရလည်း ပဋိညာဉ်ပါကတိတစ်စုံတစ်ရာကို ကတိပြုသူကိုယ်တိုင်ဆောင်ရွက်ရမည်ဖြစ်သည်။

အဆိုပါ ပဋိညာဉ်၏ အပိုဒ် ၁၉ တွင် အငြင်းပွားမှုဖြေရှင်းခြင်း (Settlement of Disputes) ဟုဖော်ပြကာ အပိုဒ် ၁၉.၁ အငြင်းပွားမှုကို ငြိမ်းချမ်းစွာဖြေရှင်းခြင်းနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်း (Amicable Settlement and Arbitration) ဟူ၍ အငြင်းပွားမှုဖြေရှင်းရန် နည်းလမ်းများသတ်မှတ်ထားသည်။ ပထမပိုဒ်တွင် "if a dispute of any kind whatsoever arises between the Employer/Main-Contractor and the Sub-Contractor in connection with, or arising out of, the Contract or the execution of the Contract Work, whether during the execution of the Contract Works or after their completion and whether before or after repudiation or other termination of the Contract, then the Employer/ Main Contractor or the Sub-Contractor may give a notice of such dispute to the other party, in which case the

Parties shall attempt for the next fifty-six (56) days to settle such dispute amicably before the commencement of arbitration." ဟုဖော်ပြချုပ်ဆိုထားသည်။

ထိုသဘောတူညီချက်အရ ပဋိညာဉ်ကိုအတည်ပြုဆောင်ရွက်နေစဉ် သို့မဟုတ် ဆောင်ရွက်ပြီးချိန်တွင် ပဋိညာဉ်ကိုရပ်စဲခြင်း သို့မဟုတ် ငြင်းပယ်ခြင်းမတိုင်မီဖြစ်စေ၊ တိုင်ပြီးဖြစ်စေ အလုပ်ရှင်/အဓိကကန်ထရိုက်တာနှင့် တစ်ဆင့်ခံကန်ထရိုက်တာတို့အကြားဖြစ်ပွားသည့် ပဋိညာဉ်နှင့်ဆက်စပ်သည့် သို့မဟုတ် ပဋိညာဉ်အရလုပ်ငန်းဆောင်ရွက်ရာမှပေါ်ပေါက်သည့် မည်သည့်အငြင်းပွားမှုကိုမဆို အလုပ်ရှင်/အဓိကကန်ထရိုက်တာနှင့် တစ်ဆင့်ခံကန်ထရိုက်တာတို့သည် တစ်ဖက်စာချုပ်ဝင်ကို နို့တစ်စာပေးပြီး ၅၆ ရက်အတွင်း အနုညာတစီရင်ဆုံးဖြတ်ခြင်းမစတင်မီ ငြိမ်းချမ်းစွာဖြေရှင်းရန်ဖြစ်သည်ဟု ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ပဋိညာဉ်နှင့်ဆက်စပ်၍ပေါ်ပေါက်သည့် မည်သည့်အငြင်းပွားမှုကိုမဆို အနုညာတစီရင်ဆုံးဖြတ်ခြင်းမစတင်မီ နို့တစ်စာပေးပြီး ၅၆ ရက်အတွင်း ငြိမ်းချမ်းစွာဖြေရှင်းရန် သဘောတူထားခြင်းဖြစ်သည်ဟုတွေ့ရသည်။ ဤနေရာတွင် လျှောက်ထားသူတင်ပြသကဲ့သို့ တတိယကြားခံအဖွဲ့ဟု ပါဝင်ခြင်းမရှိပေ။ ဖော်ပြထားသည့် other party ဆိုသည်မှာ လက်မှတ်ထိုးထားသည့် တစ်ဖက်စာချုပ်ဝင်ကိုဆိုလိုခြင်းဖြစ်သည်ဟုသာ ဆိုရမည်။

YANGON INNO CITY DEVELOPMENT PROJECT ပဋိညာဉ်သည် အငြင်းပွားမှုကိုဖြေရှင်းရန် စည်းကမ်းသတ်မှတ်ချက်ပါရှိပြီး အနုညာတစီရင်ဆုံးဖြတ်ခြင်းဖြင့်ဖြေရှင်းရန်သဘောတူထားသည့်ပဋိညာဉ်ဖြစ်ကြောင်းမှာထင်ရှားသည်။ သို့ဖြစ်၍ မူလရုံးတွင် (၁)တရားပြိုင်က အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူရေးအတွက် လွှဲပြောင်းပေးရန်လျှောက်ထားခဲ့ခြင်းဖြစ်သည်။

အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ ပုဒ်မ ၃(ခ)တွင် အနုညာတသဘောတူညီချက်ဆိုသည်မှာ ပဋိညာဉ်အရဖြစ်စေ၊ ပဋိညာဉ်အရမဟုတ်သည်ဖြစ်စေ ဥပဒေနှင့်ညီညွတ်သော ဆက်စပ်မှုများနှင့်စပ်လျဉ်း၍ ပေါ်ပေါက်သော သို့မဟုတ် ပေါ်ပေါက်လာနိုင်သော အငြင်းပွားမှုအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ အနုညာတစီရင်ဆုံးဖြတ်ခင်းကိုခံယူရန် အငြင်းပွားသူများက စာဖြင့်ရေးသားထားသော သဘောတူညီချက်ကိုဆိုလိုသည် ဟုပြဋ္ဌာန်းထားသည်။ သို့ဖြစ်ရာ အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူရန် စာဖြင့်ရေးသားထားသောသဘောတူညီချက်ရှိပါက အနုညာတစီရင်ဆုံးဖြတ်ခြင်းကိုခံယူရန်ဖြစ်သည်။

ယင်းဥပဒေပုဒ်မ ၁၀(က)တွင် အနုညာတသဘောတူညီချက်ပါ အကြောင်းအရာနှင့်စပ်လျဉ်း၍ တရားရုံး၌တရားစွဲဆိုထားသည့်အခါ အငြင်းပွားသူတစ်ဦးဦးက အငြင်းပွားသည့် အဓိကအကြောင်းအရာနှင့်နှင့်စပ်လျဉ်း၍ စာဖြင့်ရေးသားတင်ပြချက်တစ်စုံတစ်ရာ စတင်တင်သွင်းသည့်အချိန်ထက်နောက်မကျစေဘဲ အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ခံယူစေရေးအတွက် လွှဲအပ်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။ ထိုသို့လျှောက်ထားရာတွင် တရားရုံးသည် အနုညာတသဘောတူညီချက် ပျက်ပြယ်ကြောင်း၊ အကျိုးမသက်ရောက်ကြောင်း၊ ဆောင်ရွက်ရန်မဖြစ်နိုင်ကြောင်း မတွေ့ရှိပါက အငြင်းပွားသူအား အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူစေရန် လွှဲအပ်ရမည်ဟု ပြဋ္ဌာန်းထားသည်။

ယင်းပြဋ္ဌာန်းချက်အရ တရားရုံးသည် အနုညာတသဘောတူညီချက်ပျက်ပြယ်ကြောင်း၊ အကျိုးမသက်ရောက်ကြောင်း၊ ဆောင်ရွက်ရန်မဖြစ်နိုင်ကြောင်း မတွေ့ရှိမှသာ ထိုသို့လွှဲအပ်စေခြင်းကို ဆောင်ရွက်ရန်ဖြစ်ပြီး အကယ်၍ ထိုသို့တွေ့ရှိလျှင်မူ လွှဲအပ်ခြင်းမပြုဘဲ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

တရားလိုတော်ဝင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်သည် ပဋိညာဉ်ကိုပြင်ဆင်လိုသဖြင့်လည်းကောင်း၊ လက်ရှိဆောင်ရွက်နေသောလုပ်ငန်းသို့ဝင်ရောက်ဆောင်ရွက်ခြင်းနှင့် ဆောင်ရွက်စေခြင်းကို တားမြစ်ပေးစေရန်အတွက်လည်းကောင်း စွဲဆိုခဲ့ခြင်းဖြစ်သည်။ ပဋိညာဉ်ကိုပြင်ဆင်လိုပါက

ပဋိညာဉ်ချုပ်ဆိုသူတစ်ဖက်အဖွဲ့ဝင်နှင့် သဘောတူညီနိုင်းဆောင်ရွက်ရန်ဖြစ်သည်။ ပဋိညာဉ်ကို သဘောတူအတည်ပြုလက်မှတ်ထိုးထားပြီးဖြစ်သဖြင့် ပဋိညာဉ်တွင်ပါဝင်သူအချင်းချင်းသဘောတူညီမှုရှိမှသာ ပြင်ဆင်ခြင်းကိုဆောင်ရွက်နိုင်မည်ဖြစ်သည်။ ဤနေရာတွင် တစ်ဖက်စာချုပ်ဝင်ဖြစ်သည့် အင်နိုနိုင်ငံ တကာဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်က စာချုပ်နှစ်ရပ်ကို တစ်ဖက်စောင်းနင်း အသစ်ချုပ်ဆိုရန် အဆိုပြုသည်ဟုလည်းတင်ပြသည်ကိုတွေ့ရသည်။ တရားလိုက ပြင်ဆင်ချုပ်ဆိုလိုသည့်အခြေအနေနှင့် (၁)တရားပြိုင်က အသစ်ချုပ်ဆိုလိုသည့်အခြေအနေများကွဲပြားမှုကြောင့် သဘောထားကွဲလွဲမှုများရှိနေသည်ဟုပေါ်ပေါက်သည်။ တည်ဆဲဖြစ်သည့်ပဋိညာဉ်အပေါ်တွင် တရားလိုကသဘောမကျခြင်း၊ အသစ်ချုပ်ဆိုလိုသည့်ပဋိညာဉ်အပေါ်တွင်လည်း သဘောမတူခြင်းများသည် ပဋိညာဉ်အပေါ် နှစ်ဖက်သဘောတူညီမှုမရှိဘဲ ဆန့်ကျင်ကွဲလွဲမှုများဖြစ်ပေါ်သည်ဖြစ်၍ အငြင်းပွားမှုဟု ဆိုရမည်။

အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေပုဒ်မ ၁၀(က)အရလျှောက်ထားခြင်းအပေါ် တရားရုံးသည် အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူစေရန်လွှဲအပ်နိုင်ပြီး ပုဒ်မ ၁၀(ဃ)အရ ယင်းသို့လွှဲအပ်လျှင် တရားရုံးရှိ တရားစွဲဆိုဆောင်ရွက်မှုများကိုဆိုင်းငံ့ထားရန်အမိန့်ချမှတ်ရမည်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူရန်အတွက် လွှဲအပ်ရန်အမိန့်ချမှတ်သကဲ့သို့ အမှုကိုဆိုင်းငံ့ထားရန်လည်း အမိန့်ချမှတ်ခဲ့သည်ဖြစ်ရာ ဥပဒေအရမှားယွင်းခြင်းမရှိဟု တွေ့ရသည်။

တရားလိုက တော်ဝင်မိသားစုဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ လက်ရှိထားဆောင်ရွက်နေသော လုပ်ငန်းအတွင်းသို့ ဝင်ရောက်ဆောင်ရွက်ခြင်းနှင့် ဆောင်ရွက်စေခြင်းကိုတားမြစ်စေရန်အတွက် ယာယီတားဝရမ်းထုတ်ပေးရန်လျှောက်ထားခဲ့သော်လည်း တရားရုံးက တစ်စုံတစ်ရာ အမိန့်ချမှတ်ခဲ့ခြင်းမရှိပေ။ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေပုဒ်မ ၁၁(က)တွင် ယာယီတားဝရမ်းထုတ်ဆင့်ခြင်း သို့မဟုတ် ပစ္စည်းထိန်းခန့်ထားခြင်းအတွက် မိမိရုံးရှိအမှုကဲ့သို့အမိန့်ချမှတ်နိုင်ကြောင်းပြဋ္ဌာန်းထားသည်မှန်သော်လည်း အနုညာတစီရင်ဆုံးဖြတ်ခြင်းနှင့်စပ်လျဉ်းသည့်ကိစ္စကို အငြင်းပွားသူတစ်ဦးက လျှောက်ထားလာလျှင် ချမှတ်နိုင်ခြင်းဖြစ်သည်။ ယင်းပြဋ္ဌာန်းချက်သည် အနုညာတစီရင်ဆုံးဖြတ်ခြင်းတွင် တရားရုံးကပါဝင်ဆောင်ရွက်နိုင်သည့်အခွင့်အာဏာကို သတ်မှတ်ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ အမှုသည် အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူရန်အတွက် လွှဲအပ်သည့်အဆင့်သာဖြစ်ပြီး အနုညာတစီရင်ဆုံးဖြတ်ခြင်းမပြုရသေးသဖြင့် တရားရုံးကပါဝင်ဆောင်ရွက်နိုင်ကြောင်း လျှောက်ထားသူ၏တင်ပြချက်မှာ ဥပဒေအရမှန်ကန်ခြင်းမရှိပေ။ အမှုကိုဆိုင်းငံ့မိန့်ထုတ်ထားပြီးသဖြင့် တရားရုံးရှိအမှုကို ဆက်လက်ဆောင်ရွက်ခြင်းမပြုသည်မှာလည်း မှားယွင်းခြင်းမရှိပေ။

ပဋိညာဉ်စာချုပ် အပိုဒ် ၁၉.၁ ၏ဒုတိယပိုဒ်တွင် အကြောင်းကြားစာပေးပို့ပြီး ၅၆ ရက်အတွင်း ငြိမ်းချမ်းစွာဖြေရှင်းနိုင်ခြင်းမရှိပါက International Chamber of Commerce (ICC) ၏ အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာနည်းဥပဒေများနှင့်အညီ အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူရမည်ဟု ဖော်ပြထားသည်။ အနုညာတစီရင်ဆုံးဖြတ်မည့်နေရာသည် နောက်ဆက်တွဲတွင်ဖော်ပြသည့် အရပ်ဒေသဖြစ်ပြီး အနုညာတစီရင်ဆုံးဖြတ်ရာတွင် အင်္ဂလိပ်ဘာသာစကားကိုအသုံးပြုရမည်ဟုလည်း သတ်မှတ်ထားသည်။ မည်သည့်အရပ်ဒေသတွင် အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူမည်ကိုမူ တိတိကျကျဖော်ပြထားခြင်းမရှိပေ။

အနုညာတစီရင်ဆုံးဖြတ်ခြင်းကိုတရားဝင်ဆောင်ရွက်သည့်နေရာသည် မြန်မာနိုင်ငံဖြစ်ပါက ဥပဒေပါပြဋ္ဌာန်းချက်အားလုံးသက်ဆိုင်ပြီး နိုင်ငံတော်မှအပ အခြားနိုင်ငံတစ်ခုခုတွင်ဖြစ်ပါက သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်သည့်နေရာကို သတ်မှတ်ထားခြင်း သို့မဟုတ် ဆုံးဖြတ်ထားခြင်းမရှိပါက ပုဒ်မ ၁၀၊ ၁၁၊ ၃၀၊ ၃၁ နှင့် အခန်း ၁၀ တို့နှင့်သက်ဆိုင်စေရမည်ဟု အနုညာတစီရင်ဆုံးဖြတ်

ခြင်းဥပဒေ ပုဒ်မ ၂ (က) (ခ) တို့တွင်ပြဋ္ဌာန်းထားသည်။ သို့ဖြစ်ရာ ပဋိညာဉ်တွင် အနုညာတစီရင်ဆုံး ဖြတ်မည့်နေရာကို အတိအလင်းသတ်မှတ်ထားခြင်းမရှိစေကာမူ ပုဒ်မ ၁၀ အရ အနုညာတစီရင်ဆုံးဖြတ် ရန်လျှောက်ထားနိုင်သကဲ့သို့ တရားရုံးကလည်း လွှဲပြောင်းသည့်အမိန့်၊ အမှုကိုဆိုင်းငံ့သည့်အမိန့်များ ချမှတ်နိုင်သည်ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်သည် ဥပဒေနှင့်ဆန့်ကျင်လွဲမှား သည်ဟုမတွေ့ရပေ။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်သည် ဥပဒေနှင့်ဆန့်ကျင်ကွဲလွဲဆုံး ဖြတ်ကြောင်းပေါ်ပေါက်ခြင်းမရှိသဖြင့် တစ်စုံတစ်ရာဝင်ရောက်စွက်ဖက်ရန်အကြောင်းမရှိချေ။

ထို့ကြောင့် [ဤ]တရားမပြင်ဆင်မှုကို စရိတ်နှင့်တကွပလပ်သည်။

ရှေ့နေစရိတ် ကျပ် ၁၀၀၀၀ သတ်မှတ်သည်။

(မြင့်အောင်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး